# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 5 , 2026 Volume 103 , Number 5


၅. ၆. ၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၃.၅၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၅.၅၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၅.၂၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၉၇.၈၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၁၀.၁၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၁၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၆.၄၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၂၁.၂၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၃၃ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## သင့်တင့်မျှတသော စပါးဈေးရရှိရန် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်မည်



ယခုနှစ်တွင် သင့်တင့်မျှတသော စပါးဈေးနှုန်းရရှိရန် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။

လက်ရှိမိုးစပါးစိုက်ပျိုးရာသီတွင် စက်သုံးဆီဈေးနှုန်းမြင့်တက်ခြင်း၊ သွင်းအားစုစရိတ်မြင့်မားခြင်းနှင့် လယ်ယာလုပ်သားလျော့နည်းကာအလုပ်သမားခဈေးနှုန်း မြင့်တက်လာခြင်းတို့ကြောင့် စပါးဈေးမကောင်းပါက ယခင်နှစ်ကဲ့သို့ အရင်းကြီးကာ အရှုံးပေါ်မည့် အခြေအနေဖြစ်ပေါ်လာမည်ကိုလယ်သမားများစိုးရိမ်နေရသည်။

" အခုက ထွန်စက်ခတွေက ဆီပြဿနာနဲ့ ထွန်ခတွေက တက်သွားတာ၊ ထွန်စက်က တစ်ဧကကို ၇၅,၀၀၀ ကျပ်ပေးရတယ်၊ စက်က ၂ ခါမောင်းရတယ်၊ အရင်က ၄၀,၀၀၀ ကျပ် ပေးရတယ်၊ အခုနှစ်က ၂ ဆနီးပါးလောက်တက်သွားတာ၊ဒီဇယ်ဈေးက ပြန်မဆင်းတော့ အဲဒီဈေးဖြစ်သွားတာ၊ ယူရီးယားကလည်း တစ်အိတ်ကို ၁၈၀,၀၀၀ကျပ် ပေးဝယ်ရတယ်၊ တစ်ဧကကို ၂ အိတ်ထည့်ရတယ်။ ဒီကြားထဲ မြက်သတ်ဆေးကလည်း ထည့်ရသေးတယ်၊ အဲဒီတော့ တစ်ဧ ကုန်ကျစရိတ်က ၄ သိန်းကျော် ပြေးမလွတ်ဘူး၊ အခုက ဈေးကောင်းနေပေမဲ့ အရင်နှစ်ကဈေးအတိုင်းဆိုရင် ရှုံးဦးမှာပဲ"ဟု ပဲခူးတိုင်းဒေသကြီးမှ လယ်သမားတစ်ဦးကပြောသည်။

သို့သော်လည်း လက်ရှိတွင် စပါးဈေးနှုန်းပြန်လည်ဦးမော့လာသည့်အခြေအနေတွင် ရှိနေပြီး စပါးရိတ်သိမ်းချိန်တွင်လည်း သင့်တင့်မျှတသည့်ဈေးနှုန်းရရှိရန် ပို့ကုန်လုပ်ငန်းရှင်များအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်

ကြောင်းဦးရဲမင်းအောင်ကဆိုသည်။

" ဒီရက်ပိုင်းစပါးဈေးပြန်ကောင်းလာပါတယ်၊ စပါးဈေးက မူလက စိတ်ဝင်စားမှုအားနည်းသွားတဲ့ တောင်သူတွေတောင်မှ စိတ်ဝင်တစား ဆောင်ရွက်လာတယ်ပေါ့နော်၊ လာမဲ့ စပါးရိတ်သိမ်းရာသီမှာလည်း သင့်တင့်မျှတကောင်းမွန်တဲ့ စပါးဈေးဖြစ်ဖို့ ချိတ်ဆက်ပြီးတော့ ဆောင်ရွက်နေပါတယ်၊ နိုင်ငံတော်ဘက်ကလည်း ဒါတွေကို သတိထား သုံးသပ်ပြီးတော့လုပ်ပါတယ်၊ ဒီနှစ်က လွှတ်တော်ကိုယ်စားလှယ်တွေလည်း ရှိလာပြီဖြစ်တဲ့အတွက် ဒေသအသီးသီးမှာ သင့်တင့်မျှတတဲ့ဈေးနှုန်းတွေဖြစ်ဖို့ အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လို့ရတဲ့အနေအထားတစ်ခုဖြစ်လာတယ်ပေါ့"ဟုဧင်းကပြောသည်။

ထို့ပြင် အရှေ့အလယ်ပိုင်းပဋိပက္ခများကြောင့် ဓာတ်မြေသြဇာဈေးနှုန်းများမြင့်တက်နေခြင်းအပေါ် ဈေးနှုန်းမှန်ကန်မှုရှိရန် အစိုးရအား အကြံပြုပူးပေါင်းဆောင်ရွက်ရန်စီစဉ်ထားပြီး ဓာတ်မြေသြဇာအစားထိုး သဘာဝမြေသြဇာများအသုံးပြုရန်လည်း တိုက်တွန်းသွားမည်ဖြစ်ကြောင်းဦးရဲမင်းအောင်ကဆိုသည်။

" တစ်ဖက်မှာလည်း ဓာတ်မြေသြဇာလျှော့သုံးဖို့နဲ့ သဘာဝမြေသြဇာတွေ ပိုသုံးဖို့ကလည်း ရေရှည်အတွက်လုပ်ရမဲ့ ကိစ္စတွေ ဖြစ်တာပေါ့နော်၊ဓာတ်မြေသြဇာဈေးနှုန်းတွေကလည်း ဈေးနှုန်းအမှန်တွေဖြစ်ဖို့အတွက် ကျွန်တော်တို့ကညှိနှိုင်းပြီး နိုင်ငံတော် လည်းတင်ပြဆောင်ရွက်ဖို့ရှိပါတယ်၊ ဒီရာသီမှာ ဓာတ်မြေသြဇာလျှော့ သုံးရမယ်၊ သွင်းအားစုလျှော့သုံးပြီး သဘာဝမြေသြဇာ ပို သုံးရမယ်၊ ပိုသုံးပြီးတော့ အထွက်နှုန်းမလျော့ အောင်လုပ်ရမှာပေါ့၊ သဘာဝမြေသြဇာကို ယခင်ကထက် ပိုပြီးတော့ ထုတ်လုပ် မယ်၊ ပိုပြီးတော့သုံးမယ်ဆိုရင် ကိုယ့်မြေဆီလွှာပါ ပြုပြင်ပြီးသားဖြစ်သွားမယ်ပေါ့" ဟု ဦးရဲမင်းအောင်က ပြောသည်။

Source : https://www.npnewsmm.com/

## မုံရွာမြို့နယ်၊ ဘုမ္မနီးကျေးရွာ၌ ပြောင်းသီးနှံစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိလာ



စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုမ္မနီးကျေးရွာတွင် သီးနှံမျိုးစုံ စိုက်ပျိုးကြပြီး ပြောင်းသီးနှံများကို စိုက်ဧက ၁၅ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ပြောင်းသီးနှံကို တစ်ဧက စိုက်ပျိုးလျှင် သကြားပြောင်း ၄ ထုပ်၊ပြောင်းစီးဖြူ ၅ ထုပ်ကုန်ကျပြီး သကြားပြောင်းမျိုးစေ့ ၁ ထုပ်လျှင် ၆၀၀၀၀ ကျပ်၊ ပြောင်းစီးဖြူ ၁ ထုပ်လျှင် ၄၅,၀၀၀ ကျပ် ပေးဝယ်ရကြောင်း၊ ဩဂုတ်လလယ်တွင် စတင်စိုက်ပျိုး၍ စိုက်ပျိုးရာတွင် ထွန်ကြောင်း ဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့်မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၂ သိန်းခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး ၂ လကျော်အကြာတွင် ချိုးဆွတ်ရကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပြောင်းဖူးအရေအတွက် ၅၀၀၀ ခန့် ထွက်ရှိရာ စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှု အပေါ်မူတည်၍ သီးနှံ အထွက်နှုန်းများကွဲပြားမှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ပြောင်းဖူး တစ်ဖူးလျှင် လက်ကားဈေး ၅၀၀ ကျပ်ဖြင့် ရောင်းချရပြီး လက်လီရောင်းချသူများသည် ပြောင်းဖူးတစ်ဖူးလျှင် ၈၀၀ ကျပ်၊ နှစ်ဖူး ၁၅၀၀ ကျပ်တို့ဖြင့် ရောင်းချလျက်ရှိကာ အကျိုး အမြတ်အနေဖြင့် တစ်ဧကလျှင် ကျပ် ၁၃ သိန်းခန့် ရရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် မုံရွာမြို့ပေါ်ရှိ ကုန်စိမ်းပွဲရုံများသို့ တင်ပို့ ရောင်းချလျက်ရှိရာ ပြောင်းသီးနှံစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိကာ အဆင်ပြေလျက်ရှိကြောင်း ပြောင်းစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

**Source : DOCA(**စစ်ကိုင်း)

## လောင်စာတောင့်စျေးများ မြင့်တက်



မကွေးမြို့မှာ ထင်း၊ မီးသွေးအစားထိုး လောင်စာတောင့်စျေးတွေမြင့်တက်နေတယ်လို့ လောင်စာထုတ်လုပ်သူတွေဆီက သိရပါတယ်။

အခုလို ဈေးမြင့်တက်ရတာက မိုးရာသီကာလမှာ ကုန်ထုတ်လုပ်မှု လျော့ကျတာကြောင့်လို့ ဆိုပါတယ်။

မကွေးဒေသက ထွက်ရှိတဲ့ ထင်း၊မီးသွေးအစားထိုး လောင်စာတောင့်တွေ ရန်ကုန်ကို အဓိကတင်ပို့ကြပြီး ဒေသတွင်းက ရေနံချောင်း၊ ချောက်၊ ကျောက်ပန်းတောင်း၊ နတ်မောက် စတဲ့မြို့တွေကိုလည်း တင်ပို့ကြတာပါ။

လောင်စာတောင့်ဈေးကွက်ဟာ လက်ရှိမှာ ဈေးမြင့်တက်နေပြီး လာမဲ့ ဩဂုတ်၊ စက်တင်ဘာလတွေမှာ ဈေးပိုတက်နိုင်တယ်လို့ လောင်စာတောင့်ထုတ်လုပ်သူတစ်ဦးက ပြောပါတယ်။

ပွင့်လင်းရာသီမှာ နယ်ဝေးကို တင်ပို့တဲ့ ဈေးနှုန်းက လောင်စာတောင့်အခဲ ၄၀ ပါ တစ်အိတ်ကို ငွေကျပ် ၆၈၀၀ ရှိပြီး မိုးရာသီဝင်စမှာ ၇၈၀၀ ဝန်းကျင်အထိ ရှိလာတာပါ၊ မကွေးမြို့တွင်းမှာတော့ လောင်စာတောင့် တစ်အိတ် ကို ငွေကျပ် ၆၀၀၀ နဲ့ ရောင်းချကြတာ ဖြစ်ပါတယ်။

လောင်စာတောင့်တွေကို နေနဲ့အခြောက်ခံထုတ်လုပ်ရတာကြောင့် နွေရာသီနဲ့ ဆောင်းရာသီသာ လုပ်ကိုင်ရ အဆင်ပြေပြီး မိုးရာသီမှာတော့ အလုပ်ရပ်နားရတဲ့အချိန်တွေ များတယ်လို့ လုပ်ကိုင်သူတွေက ပြောပါတယ်။

လောင်စာတောင့်ကို စွန့်ပစ်မီးသွေးအကြေ၊ လွှစာမှုန့်၊ ရွှံ့ရေတွေနဲ့ ရောစပ်ကာ ထုတ်လုပ်ကြတာဖြစ်ပြီး လောင်စာတောင့်တစ်ခဲရဲ့ မီးလောင်ကျွမ်းချိန်ဟာ တစ်နာရီခွဲခန့် ကြာမြင့်တယ်လို့ သိရပါတယ်။

**Source : https://onenewstvchannel.com/**

## မင်းဘူး၌ စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်းတစ်သောင်း ထုတ်ချေးပေးမည်




မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်မှာ ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေအဖြစ် ငွေကျပ်သန်းပေါင်း ၁၁,၀၀၀ ကျော်အထိ တိုးမြှင့်ထုတ်ချေးပေးသွားမယ်လို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မင်းဘူးခရိုင် ဘဏ်ခွဲရုံးက သိရပါတယ်။

ဒီလိုတိုးမြှင့်ထုတ်ချေးရတာက ဒေသခံတောင်သူတွေအနေနဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်ရာမှာ အထောက်အကူပြုစေဖို့အတွက်ဖြစ်တယ်လို့ ဆိုပါတယ်။

မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေတွေကို ရက် ၁၀၀ စီမံချက်အတွင်း ထုတ်ချေးပေးခဲ့ရာ လက်ရှိအထိ ကျေးရွာအုပ်စုပေါင်း ၁၂ အုပ်စုက တောင်သူပေါင်း ၇၃၆ ယောက်ရဲ့ စပါးသီးနှံ ၁၅၉၇ ဧကနဲ့ နှမ်းသီးနှံ ၂၉၄၈ ဧကအတွက် ချေးငွေ ကျပ်သန်းပေါင်း ၁၂၀၀ ကျော် ထုတ်ချေးပေးခဲ့ပြီး ဖြစ်ပါတယ်။

အခုနှစ်မှာ စိုက်ပျိုးစရိတ်ချေးငွေအဖြစ် စပါးသီးနှံ တစ်ဧကကို ငွေကျပ် ၃ သိန်းနှုန်း၊ အခြားသီးနှံ တစ်ဧကကို ငွေကျပ် နှစ်သိန်းခွဲနှုန်းနဲ့ အရင်နှစ်တွေကနှုန်းထားထက်တိုးမြှင့်ထုတ်ချေးနေတာဖြစ်ပြီး ကျန်ရှိနေတဲ့ တောင်သူတွေကိုလည်း ဆက်

လက်ထုတ်ချေးပေးသွားမှာ ဖြစ်ပါတယ်။

မင်းဘူး(စကု)မြို့နယ်မှာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေအဖြစ် ကျေးရွာအုပ်စု ပေါင်း ၆၂ အုပ်စုက တောင်သူပေါင်းအယောက် ၆၅၀၀ ရဲ့စပါးသီးနှံ ၁၇,၅၀၅ ဧကနဲ့ အခြားသီးနှံ ၂၂,၉၉၄ ဧက အတွက် ငွေကျပ်သန်းပေါင်း ၁၁,၀၀၀ အထိ တိုးမြှင့်ထုတ်ချေးပေးဖို့ လျာထား ဆောင်ရွက်နေတယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## ဂျပန်နိုင်ငံမှ ပြည်ပနိုင်ငံများသို့ ရွှေတင်ပို့မှုစံချိန်တင်မြင့်တက်ခဲ့

ဂျပန်နိုင်ငံမှ ပြည်ပနိုင်ငံများသို့ ရွှေတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံအထိရောက်ရှိခဲ့ကြောင်း The Nekki Asia သတင်းဌာန၏ အွန်လိုင်းသတင်းတွင် ‘Japan gold exports hit record $25bn,likely include metal once smuggled in’ ဟူသော ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါသတင်းတွင် ကမ္ဘာ့ပထဝီနိုင်ငံရေးအန္တရာယ်များမြင့်တက်လာခြင်းကြောင့် ဈေးနှုန်းများမြင့်တက်လာခဲ့သည့်အတွက် ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဂျပန်နိုင်ငံမှ ပြည်ပနိုင်ငံများသို့ ရွှေတင်ပို့မှုပမာဏယန်း ၄ ထရီလီယံ(ဒေါ်လာ ၂၅ ဘီလီယံ) ရရှိခဲ့သည့် ပထမဆုံးကာလအဖြစ် စံချိန်တင်နိုင်ခဲ့ကြောင်း၊ ဂျပန်နိုင်ငံမှ ရွှေတုံးများအပါအဝင် ရွှေဆက်စပ်ပစ္စည်းများ တင်ပို့မှုသည် ယန်း ၄ ဒသမ ဝ၈ ထရီလီယံသို့ရောက်ရှိခဲ့သည့်အတွက် ယခင်နှစ်ကထက် တင်ပို့မှုပမာဏ၊ ယန်း ၁ ဒသမ ဝ၇ ထရီလီယံ (၃၅ ဒသမ ၆ ရာခိုင်နှုန်း)တိုးတက်လာခဲ့ကြောင်း၊ ရွှေတင်ပို့မှုသည် ၁၉၈၈ နှစ်နောက်ပိုင်းကာလများတွင် အမြင့်ဆုံးနှစ်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့ကြောင်း၊ ရွှေတင်သွင်းမှုမှာ ယန်း ၁၇၇ ဒသမ ၇ ဘီလီယံအထိမြင့်တက်လာကာ ယခင်နှစ်ထက် ၁၂၀ ရာခိုင်နှုန်းခန့်မြင့်မားခဲ့ကြောင်း ဂျပန်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း ဖော်ပြထားသည်။

၂၀၂၂ ခုနှစ်တွင်စတင်ဖြစ်ပွားခဲ့သည့် ရုရှား-ယူကရိန်းစစ်ပွဲနောက်ပိုင်းကာလများအတွင်း ရွှေဈေးနှုန်းများမြင့်တက်လာခဲ့ကြောင်း၊ အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့် ဖြစ်ပေါ်လာသော ငွေကြေးဖောင်းပွမှုအပေါ် စိုးရိမ်မှုများဖြစ်ပေါ်လာခြင်း၊ အမေရိကန်၏အတိုးနှုန်းလျှော့ချမှုအတွက် မျှော်လင့်ချက်များကျဆင်းသွားခြင်းတို့ကြောင့် ရွှေဝယ်ယူရင်းနှီးမြှုပ်နှံမှုသည် အနည်းငယ်ကျဆင်းခဲ့သော်လည်း ရွှေဝယ်ယူစုဆောင်းသော ရင်းနှီးမြှုပ်နှံမှုသည် ဆက်လက်မြင့်မားဆဲဖြစ်ကြောင်း၊ ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ဂျပန်နိုင်ငံမှရွှေတင်ပို့သည့်ဈေးနှုန်းသည် တစ်ကီလိုဂရမ်လျှင် ပျမ်းမျှယန်း ၁၀ သန်းကျော်သာရရှိသော်လည်း ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင်မူ တစ်ကီလိုဂရမ်လျှင် ယန်း ၁၈ ဒသမ ၇၉ သန်းအထိရောက်ရှိခဲ့ရာ ယခင်နှစ်ထက် ဈေးနှုန်း ၄၈ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဂျပန်နိုင်ငံမှရွှေတင်ပို့မှုနှင့်တင်သွင်းမှုတန်ချိန်သည်မက်ထရစ် တန် ၂၀၀ ကျော်ကွာဟခဲ့ကြောင်း၊ တင်ပို့မှုတန်ဖိုးသည် ယခင်နှစ်ထက် ယန်း ၁ ထရီလီယံနီးပါးပိုမိုတိုးတက်ခဲ့ကြောင်း ဖော်ပြထားသည်။

**Source:** https://asia.nikkei.com/business/markets/commodities/japan-gold-exports-hit-record-25bn-likely-include-metal-once-smuggled-in

**(ရွှေစင်ဦး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)**

## ဗီယက်နမ်နိုင်ငံသမ္မတ To Lam ၏ ခရီးစဉ်အတွင်း သဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဗီယက်နမ်-စင်ကာပူစက်မှုဇုန်၏ လျှပ်စစ်ကွန်ရက်ပိုမိုအားကောင်းလာ

ဗီယက်နမ်-စင်ကာပူစက်မှုဇုန်(Vietnam-Singapore Industrial Park- VSIP) စီမံကိန်းအရ ဗီယက်နမ်နိုင်ငံတစ်ဝှမ်းတွင် စက်မှုဇုန်အသစ် ၄ ခုကို ထပ်မံတိုးချဲ့လျက်ရှိပြီး အဆိုပါဒေသအတွင်း အဆင့်မြင့်ထုတ်ကုန် သုတေသနဗဟိုဌာနအသစ်တစ်ခုကိုလည်း တည်ဆောက်ရန်လျာထားကြောင်း ဗီယက်နမ်နိုင်ငံ၊ ကွန်မြူနစ်ပါတီအကြီးအကဲနှင့် သမ္မတ To Lam ၏ စင်ကာပူ

နိုင်ငံသို့ လေးရက်ကြာ နိုင်ငံတော်အဆင့်ခရီးစဉ်အတွင်း ထုတ်ပြန်ခဲ့သည်။

သမ္မတတိုလမ်၏ လေးရက်ကြာ နိုင်ငံတော်အဆင့်ခရီးစဉ်အတွင်းက ထုတ်ပြန် ကြေညာခဲ့သောအောင်မြင်မှုရလဒ် ၇ ခုအနက် ယခုစီမံကိန်းသည် တစ်ခုအပါအဝင်ဖြစ်ပြီး ယခုကဲ့သို့တိုးချဲ့ဆောင်ရွက်ခြင်းကြောင့် စုစုပေါင်းစက်မှုဇုန်အရေအတွက်သည် ယခင်က ၂၂ ခုရှိရာမှ ၂၆ ခုအထိရှိလာခဲ့သဖြင့် ယခုနှစ်ကုန်တွင် စုစုပေါင်း စက်မှုဇုန် ၃၀ ခုအထိတိုးမြှင့်ရန် စင်ကာပူနိုင်ငံ၏ ရည်မှန်းချက်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သည်။

VSIP ကွန်ရက်သည် စင်ကာပူနိုင်ငံ၏ Temasek ကုမ္ပဏီအခြေပြုစွမ်းအင်ကူးပြောင်းမှုနှင့် မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှုများဆောင်ရွက်သည့် Sembcorp Industries နှင့် ဗီယက်နမ်နိုင်ငံပိုင်စက်မှုဇုန်နှင့် မြို့သစ်တည်ထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သော Becamex တို့အကြား အကျိုးတူပူးပေါင်းဆောင်ရွက်သည့် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ အထင်ကရ စီမံကိန်းတစ်ခုအဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်။

Sembcorp ၏ထုတ်ပြန်ချက်အရ စက်မှုဇုန်အသစ် ၄ ခုကို Nghe An ပြည်နယ်၊ Ninh Binh ပြည်နယ်၊ ဟိုချီမင်းမြို့နှင့် Hai Phong မြို့တို့တွင် တည်ဆောက်သွားမည်ဖြစ်သည်။

ထို့ပြင် ၎င်း၏ခရီးစဉ်အတွင်း VSIP တွင် ပါဝင်သော လူနေအိမ်ရာစီမံကိန်းနှစ်ခုအတွက် ရင်းနှီးမြှုပ်နှံမှုမှတ်ပုံတင် လက်မှတ်များကိုလည်း ပေးအပ်ချီးမြှင့်ခဲ့သည်။

စင်ကာပူနိုင်ငံ၏ သိပ္ပံ၊ နည်းပညာနှင့် သုတေသနအေဂျင်စီ(A*Star)နှင့် ဗီယက်နမ်နိုင်ငံ၏ Becamex တို့အကြား လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာ (MOU)အရ VSIP ဂေဟာစနစ်အတွင်း အဆင့်မြင့်ထုတ်ကုန်သုတေသနဗဟိုဌာနတစ်ခုကို တည်ဆောက်ရန်နှင့် စီမံကိန်းပထမအဆင့်ကို ယခုနှစ်တွင် စတင် ဆောင်ရွက်ရန်လျာထားသည်။

အဆိုပါသဘောတူညီချက်အရ VSIP အတွင်း၌ စံပြစက်ရုံများနှင့် လက်တွေ့စမ်းသပ်ခန်းများဆောင်ရွက်ရန် သဘောတူညီခဲ့ကြပြီး ကုမ္ပဏီများ၏အဆင့်မြင့်ကုန်ထုတ်လုပ်မှုအတွက် ကနဦးစမ်းသပ်ခြင်းဆိုင်ရာနည်းလမ်းများနှင့် အခြားသော နည်းပညာ အဆင့်မြှင့်တင်မှုများပြုလုပ်နိုင်ရန် ကူညီပေးမည်ဖြစ်သည်။

ဗီယက်နမ်အဆင့်မြင့်ထုတ်ကုန်သုတေသနဗဟိုဌာနကို တည်ထောင်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းဆိုင်ရာကိစ္စရပ်များကို Becamex က ဆောင်ရွက်သွားမည်ဖြစ်ပြီး A*Star အနေဖြင့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံဉာဏ်များ ပေးအပ်ခြင်းအပြင် အဆင့်မြင့်ထုတ်လုပ်မှုစွမ်းရည်များ အကောင်အထည်ဖော်နိုင်စေရန် ကူညီပံ့ပိုးပေးသွားမည်ဖြစ်သည်။

အဆိုပါဗဟိုဌာနသည် ဒေသတွင်း၌ စင်ကာပူနိုင်ငံက ဦးဆောင်သည့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုလုပ်ငန်းများ အဓိက အခြေစိုက်ရာနေရာဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စင်ကာပူနိုင်ငံသမ္မတ Tharman Shanmugaratnam က VSIP စီမံကိန်းသည် နှစ်နိုင်ငံစီးပွားရေးပူးပေါင်း ဆောင်ရွက်မှု၏ အဓိကမဏ္ဍိုင်ဖြစ်ကြောင်း၊ ယခုနှစ်သည် အဆိုပါစီမံကိန်း၏ နှစ် ၃၀ ပြည့်မြောက်သည့်နှစ်ဖြစ်ကြောင်းနှင့် စက်မှုဇုန်များသည် အလုပ်အကိုင်ကောင်းများဖော်ဆောင်ပေးသည့်အပြင် တန်ဖိုးမြင့်ရင်းနှီးမြှုပ်နှံမှုများကိုလည်း ဆွဲဆောင်နိုင်ကြောင်း ပြောကြားခဲ့သည်။

VSIP စက်မှုဇုန်များသည် ငှားရမ်းလုပ်ကိုင်သူ ကုမ္ပဏီပေါင်း ၁,၀၀၀ ခန့်ထံမှ အမေရိကန်ဒေါ်လာ ၂၈ ဘီလီယံကျော်ရှိသော ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် အလုပ်အကိုင်ပေါင်း ၃၄၀,၀၀၀ ကျော်ကို ဖန်တီးပေးနိုင်ခဲ့သည်။

လက်ရှိတွင် VSIP ၏စက်မှုဇုန် ၂၆ ခုသည် စုစုပေါင်းဧရိယာဟက်တာ ၁၄,၃၀၀ ကျော်အထိအကျယ်အဝန်းရှိသည်၊ တန်ဖိုးမြင့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်ရန်အတွက် ရေရှည်တည်တံ့ခိုင်မြဲသော အစိမ်းရောင်စွမ်းအင်စနစ်များအပေါ် အဓိကထားသည့် VSIP 2.0 စက်မှုဇုန်ပုံစံကို ဖော်ဆောင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးအရ စင်ကာပူ-ဗီယက်နမ်မဟာဗျူဟာမြောက်ဆွေးနွေးပွဲအဖြစ် ပထမအကြိမ် ဖိုရမ်ကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လတွင် စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

ထို့ပြင် စင်ကာပူအစားအစာအေဂျင်စီ(Singapore Food Agency-SFA) နှင့် ဗီယက်နမ်စိုက်ပျိုးရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ပူးပေါင်း၍စင်ကာပူဗီယက်နမ်လယ်ယာထွက်ကုန်အစားအစာကုန်သွယ်မှုဆိုင်ရာလုပ်ငန်းအဖွဲ့(Singapore-Vietnam Agrifood Trade Task Force)ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။

ဖော်ပြပါနယ်ပယ်များအပြင် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အဆင့်မြင့်ပညာရေးဆိုင်ရာ ကိစ္စရပ်များ၊ ထောက်ပံ့မှုကွင်းဆက်ကြံ့ကြံ့ခံနိုင်မှု စသည့်နယ်ပယ်များတွင်လည်း ပူးပေါင်းဆောင်ရွက်ရန်သဘောတူညီခဲ့ကြသည်။

စင်ကာပူနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုမြင့်တင်ခြင်းသည် နှစ်နိုင်ငံအကျိုးစီးပွားကိုသာမက ဒေသတွင်းနိုင်ငံများ၊ အထူးသဖြင့် အာဆီယံနိုင်ငံများအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်လာစေနိုင်သည်။

အလားတူ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား နှစ်နိုင်ငံဆက်ဆံရေးများတိုးမြှင့်ဆောင်ရွက်လာနိုင်ပါက ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုခိုင်မာအားကောင်းလာစေပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက်အတတ်ပညာ၊နည်းပညာနှင့် ငွေကြေးအကူအညီများလည်း ပိုမိုရရှိလာစေနိုင်မည်ဖြစ်သည်။

**Source : The Business Times သတင်းစာ**

**(ဧသေနံ့၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)**

## STOCK EXCHANGE (5.6.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 4th Jun. 2026

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 69,750 (Shares) | 426,025,150 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 17,000 | +500 | +3.03% | 17,000 | 17,000 | 16,500 | 2,544 | 42,748,000 | 33,109,694 | 562,865 |
| MTSH | 00002 | 8,000 | +0 | +0.00% | 8,000 | 8,100 | 8,000 | 1,841 | 14,776,000 | 38,929,150 | 311,433 |
| MCB | 00003 | 12,500 | +500 | +4.17% | 12,000 | 12,500 | 12,000 | 666 | 8,075,000 | 10,400,986 | 130,012 |
| FPB | 00004 | 7,000 | +1,000 | +16.67% | 6,000 | 7,000 | 6,000 | 3,536 | 22,818,600 | 31,144,738 | 218,013 |
| TMH | 00005 | 3,700 | +300 | +8.82% | 3,500 | 3,700 | 3,500 | 45 | 164,700 | 12,823,224 | 47,446 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 8,567 | 14,992,250 | 19,977,223 | 34,960 |
| AMATA | 00007 | 4,000 | +0 | +0.00% | 4,000 | 4,100 | 4,000 | 8 | 32,100 | 10,497,598 | 41,990 |
| MAEX | 00008 | 5,300 | +400 | +8.16% | 5,000 | 5,300 | 5,000 | 3,043 | 15,418,500 | 23,804,946 | 126,166 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 4th Jun. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 776.48 | +34.93 | +4.71% | 742.80 | 778.53 | 742.80 | 20,250 | 119,025,150 | 8 | 1,472,885 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:00 pm, 5th Jun. 2026

#### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,366 (Shares) | 89,061,500 (MMK) |

| MYANPIX | 816.35 ▲ 39.87 |
|---|---|
| Total Volume (shares) | 17,366 |
| Total Value (MMK) | 89 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,548,514 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 17,500 | ▲ 500 |
| MTSH | 00002 | 8,500 | ▲ 500 |
| MCB | 00003 | 13,500 | ▲ 1,000 |
| FPB | 00004 | 7,600 | ▲ 600 |
| TMH | 00005 | 3,700 | ▲ 0 |
| EFR | 00006 | 1,800 | ▲ 50 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 5,700 | ▲ 400 |

TIR